# ကျွန်တော်တို့ ဘာလိုခဲ့ကြသလဲ၊ ရှေ့မှာ ဘာဆက်လုပ်ကြမလဲ။
# ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး၏အစီရင်ခံစာ
# (၂၀၀၉ ခုနှစ်၊ မတ်လ)

ရဲဘော်တို့

နှစ် ၂၀ ခရီးမှာ ကျွန်တော်တို့ လိုခဲ့တာက အဓိကအားဖြင့် (၃) ခု ရှိပါတယ်။ ဒီ (၃) ခုကလည်း တခုနဲ့တခု ဆက်စပ်နေတာပါ။ ဒီ (၃) ခု မရှိခဲ့လို့ဘဲ အခါအခွင့်ကောင်းကြီး (၂) ကြိမ်လောက် လက်လွှတ်ခဲ့တာ ဖြစ်ပါတယ်။

အခါအခွင့်ကောင်း (၂) ကြိမ်ဆိုတာက

ဒေါက်တာမောင်မောင် သမ္မတသက်တမ်းမှာတကြိမ်နဲ့ ၁၉၉၀ ရွေးကောက်ပွဲနိုင်စဉ်ကတကြိမ် ဖြစ်ပါတယ်။ အကျယ် တင်ပြတာ မလုပ်တော့ပါ။

လိုအပ်ချက် (၃) ခု ဆိုတာက

(၁) ဘုံရန်သူရှိပြီး ဘုံလုပ်ငန်းစဉ်လမ်းစဉ် မရှိတာပါ။

(၂) ဘုံလုပ်ငန်းစဉ်လမ်းစဉ် ရှိရုံနဲ့လည်း မပြီးသေးပါ။ တခုတည်းသောဗဟို ရှိရပါဦးမယ်။

(၃) ဗဟိုဌာနချုပ်မရှိတော့ တက်ကြွလှုပ်ရှားသူ (Activists) တွေကို စနစ်တကျစီမံခန့်ခွဲတာ မရှိနိုင်ပါ။

ဒီ (၃) ချက်ကိုတော့ အကျယ်တင်ပြပါမယ်။ ဒါမှ ရှေ့မှာ ဘာလုပ်ကြမလဲဆိုတာနဲ့ ဆက်စပ်မိမှာပါ။

## <u>အချက် (၁) ကို ရှင်းလင်းချက်။</u>

ဘုံရန်သူ ဘယ်တုန်းကမဆို ရှိခဲ့ပါတယ်။ ၁၉၆၂ မတိုင်မီကလည်း ရှိခဲ့တာပါပဲ။ ဖဆပလ ဝန်ကြီးချုပ်ဦးနုပြောတဲ့ ‘ရောင်စုံ’ ဆိုတာ အမှန်ပါပဲ။ ‘ရောင်စုံ’ မှာကလည်း လက်နက်ကိုင်တပ်ကိုယ်စီ ရှိကြတယ်။ နယ်မြေ ရှိကြတယ်။ လူထုဆီက ရန်ပုံငွေကောက်ခံပြီး ရှင်သန်ကြရတယ်ဆိုတော့ အချင်းချင်းလက်နက်ကိုင်ပဋိပက္ခတွေလည်း ရှိကြပါတယ်။ ကိုယ့်အချင်းချင်းရဲ့ လက်နက်ကိုင်ပဋိပက္ခ ကြီးသထက်ကြီးအောင်လည်း ရန်သူအစိုးရက မြှောက်ပေးတတ်ပါတယ်။

စစ်အုပ်စုရဲ့ အခုဦးတည်ရန်သူဟာ ဗကပ မဟုတ်ပါဘူး။ KNU မဟုတ်ပါဘူး။ DASSK ဦးဆောင်တဲ့ NLD ပါ။ ဒါကို သတိပြုရပါမယ်။ NLD ကို ထိခိုက်စေတဲ့ ခြေလှမ်းကို ဘယ်သူမှ မလှမ်းသင့်ပါဘူး။ လှမ်းလာရင် ဘယ်သူကပဲလုပ်လုပ် ဗကပ က အတိအလင်း ဆန့်ကျင်မှာပါ။ <u>NLD ကို ကာကွယ်ရေးဟာ စစ်အုပ်စုကို ဘုံရန်သူအဖြစ် သဘောထားသူမှန်သမျှရဲ့ ဦးစားပေးတာဝန် ဖြစ်သင့်ပါတယ်။</u>

## <u>အချက် (၂) ကို ရှင်းလင်းချက်။</u>

ဗဟို မရှိခဲ့လို့ဘဲ ၁၉၈၈ တုန်းက အောင်ပွဲမရတာပါ။ ဗိုလ်အောင်ကြီးက “ဒီမိုကရေစီဖခင်ကြီး” ဆိုပြီး ပွဲထွက်တော့ ဦးနုက အားကျမခံ ‘ရာသက်ပန်ဝန်ကြီးချုပ်’ ဆိုပြီး ပွဲထွက်တယ်။ ပေါ်လာကာစ “မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့” အစိတ်စိတ်ကွဲသွားရတယ်။ မျိုးချစ်စစ်ဗိုလ်ကြီးဟောင်း တချို့က စိတ်ပျက်ပြီး ထိုင်သွားတယ်။ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ ပေါ်လာတာဟာ နေဝင်း စစ်အုပ်စုရဲ့အရှိက် အထိုးခံရတာပါ။ သိပ်ကို တန်ဖိုးရှိပါတယ်။ ဒီအဖွဲ့ထဲပါတဲ့ တပ်မှူးကြီးတွေကို မှီခိုပြီး တပ်မတော်တခုလုံးကို နေဝင်းစစ်အုပ်စုလက်အောက်ကနေ မိမိဘက်ပါလာအောင် ကျွန်တော်တို့ လုပ်နိုင်ရမှာ ဖြစ်ပါတယ်။ အခုတော့ သူ့ကိုပါအောင် မလုပ်နိုင်ဘဲ ကိုယ့်အထဲကပဲ အစိတ်စိတ်ကွဲထွက်တာ ဖြစ်ကုန်တယ်။

ဗဟိုရှိခဲ့ရင် အားလုံးပါတဲ့ ‘ယာယီညွန့်ပေါင်းအစိုးရ’ ဖွဲ့နိုင်ခဲ့မှာပါ။ လမ်းမပေါ်က အုံကြွနေတဲ့ လူထုက ‘ယာယီ ညွန့်ပေါင်းအစိုးရ’ ဖွဲ့နိုင်တာ မဟုတ်ပါဘူး။ မိုးမဆုံးမြေမဆုံး မပြီးနိုင်မစီးနိုင် လမ်းမပေါ်မှာ ‘ဆန္ဒပြ’ နေလို့လည်း မပြီးပါဘူး။ မဆလ အစိုးရကို အစားထိုးဖို့ အစိုးရ (ယာယီအစိုးရ) တရပ် ဖွဲ့ရမှာပါ။ ဒီတာဝန်ကို ခေါင်းဆောင်တွေက ယူရမှာပါ။ ညီညွတ်တဲ့အစိုးရပေါ်ရင် လူထုက ကျေနပ်မှာပါ။

ဗမာပြည်နိုင်ငံရေးမှာ လူထုအုံကြွမှုကြီးတွေ ရှိဖူးပါတယ်။ ၁၉၃၈ – ၃၉ အုံကြွမှု၊ ၁၉၄၆ အုံကြွမှု စသဖြင့် ရှိဖူးတယ်။ အဲဒီအုံကြွမှုတွေမှာ ဗဟိုရှိပါတယ်။ ရှိလို့လည်း ဆုတ်ရရင်လည်း ကသီလင်တ မဖြစ်ဘူး။ အောင်ပွဲရရင်လည်း စနစ်တကျ ဖြစ်ပါတယ်။ ၁၉၄၆ အုံကြွမှုကျတော့ အနိုင်ရလိုက်တယ်။ ဖဆပလ အာဏာရလာတယ်။ (၁၉၈၈) မှာကတော့ ‘ဗဟို’

မရှိဘူး။ ဗဟိုမရှိတာထက် ဗဟိုတွေများတယ်ဆိုတာက ပိုမှန်လိမ့်မယ် ထင်ပါတယ်။ ဗဟိုတွေများလို့ တခုနဲ့တခု ချေဖျက်ရင်း တစုတစည်းတည်းသောဗဟို မရှိတာ ဖြစ်သွားတာပဲ။

အခု နှစ် (၂၀) ကြာတော့ ပြည်ပမှာ ဗဟိုတွေ သိပ်ကိုများလာနေပါပြီ။ စာရင်းပြုစုလို့ မရအောင်ကိုပဲ များပါတယ်။ ပါတီနာမည်ခံတာရော၊ 'တပ်ပေါင်းစု' နာမည်ခံတာရော၊ "မီဒီယာ" အစုအဖွဲ့ နာမည်ခံတာရော၊ အသံလွှင့်ဌာနကို ဗဟိုပြုတဲ့အဖွဲ့အစည်းရော စသဖြင့် မျိုးစုံပါတယ်။

ဟိုတုန်းက ပြည်ပမှာ သခင်အောင်ဆန်း၊ သခင်လှမြိုင်ပဲ 'ထွက်ရပ်ဂိုဏ်း' ရဲ့ ကိုယ်စားလှယ်အဖြစ် ပြည်ပ ထွက်ပါတယ်။ (ဖတပလ) ဖက်ဆစ်ဆန့်ကျင်ရေးရဲ့ ပြည်ပကိုယ်စားလှယ်အဖြစ် သခင်သိန်းဖေ (မြင့်)၊ သခင်တင်ရွှေပဲ ရှိပါတယ်။ လက်နက်ကိုင်တိုက်ပွဲ A/S ကာလမှာ ဗကပ ရဲ့ ကိုယ်စားလှယ်အဖြစ် သခင်ဗသိန်းတင်၊ သခင်သန်းမြိုင်တို့ တတွေပဲ ရှိပါတယ်။ သူတို့က ပြည်တွင်းရဲ့ ညွှန်ကြားချက်နာခံပြီး လုပ်ကြရတာပဲ။

အခုတော့ အဲဒီလို မဟုတ်ဘူး။ ပြည်တွင်းမှာ အမြစ်မရှိကြဘူး။ ပြည်ပမှာပဲ ရန်ပုံငွေရှာပြီး ရပ်တည်ကြတယ်။ အဲဒီတော့ စီမံကိန်းအဆိုပြုတဲ့ (**proposal**) နိုင်ငံရေးတွေ လုပ်ကြတယ်။ (**Donor**) အလှူရှင်ရှာတဲ့ အလုပ်က အဓိက အလုပ် ဖြစ်လာတယ်။ လော်ဘီ **lobby** (ထောက်ခံသူစည်းရုံးတဲ့) နိုင်ငံရေး လုပ်ကြတယ်။ ဗဟိုတွေ များသလို လုပ်တဲ့ အလုပ်ကလည်း များတယ်။ နအဖ ကို ကုလသမဂ္ဂကုလားထိုင်ပေါ်က ဆွဲချရေး လုပ်ကြတယ်။ ကုလားထိုင်ပေါ်က ဆွဲချလို့ မရသေးခင်မှာ ကုလားထိုင်အလွတ်မှာဝင်ပြီး ဘယ်သူထိုင်မလဲဆိုတာ အချိန်ကုန်ခံ ငြင်းကြတယ်။ ဒီလိုနဲ့ အချင်းချင်းရန်ပွဲတွေ ဖြစ်နေကြပါတယ်။

စင်ပြိုင်အစိုးရဖွဲ့တာကို ပြည်ပမှာဖြစ်စေ၊ ပြည်တွင်းမှာဖြစ်စေ လုပ်တာကို 'ဗကပ' က 'မူအရ' ဆန့်ကျင်ပါတယ်။ ဗကပ က **A/S** ကာလတုန်းကလည်း ဒီကိစ္စ မစဉ်းစားခဲ့သလို အခုလည်း မစဉ်းစားပါဘူး။ တည်ရှိနေတဲ့ အစိုးရရဲ့မြို့တော် ဟိုတုန်းကတော့ (ရန်ကုန်) အခုတော့ ပျဉ်းမနားမှာရှိတဲ့ အာဏာပိုင်အစိုးရကို ဖြုတ်ချပြီးမှသာ မိမိဘက်က အစားထိုးစရာ အစိုးရဖွဲ့ဖို့ စဉ်းစားသင့်ပါတယ်။ တိုင်းပြည်ကတပြည် – အစိုးရက (၂) ခု ဖြစ်နေရင် တိုင်းပြည်နာတတ်ပါတယ်။ ဗမာပြည်လို နေရာမျိုးမှာတော့ အစိုးရ (၂) ခုနဲ့ ရပ်မှာ မဟုတ်ပါဘူး။ အစိုးရတွေအများကြီး ရှိလာမယ့်အလားအလာ ရှိပါတယ်။ ဂျာမဏီ၊ ကိုးရီးယား၊ ဗီယက်နမ်တို့မှာလို အစိုးရ (၂) ဖွဲ့ ပြိုင်ပြီးရှိနေနိုင်တဲ့ အနေအထား ဗမာပြည်မှာ မရှိပါဘူး။

**A/S** ကာလက ခွဲထွက်ရေးလက်နက်ကိုင်အဖွဲ့အစည်းတွေ အားလုံးဟာ 'အစိုးရ' တွေ ဖွဲ့ကြပါတယ်။ "ကွန်မြူနစ်ပျက်မိုးဟိန်း" ဆိုရင် ရှမ်းပြည်ရဲ့ "သမ္မတ" ဖြစ်လိုက်၊ "ဝန်ကြီးချုပ်" ဖြစ်လိုက် အကြိမ်ကြိမ်ပါပဲ။ အဲဒါတွေကို ကျွန်တော်တို့က အစိုးရဖွဲ့တမ်းကစားတာလို့ပဲ သဘောထားခဲ့ပါတယ်။ ရေးကြီးခွင်ကျယ်လုပ်ပြီးလည်း ဝေဖန်တာ မလုပ်ပါဘူး။

အခုရေးနေတာကလည်း ပြည်တွင်းက **NLD** (ဗဟို) ကို ကသိကအောင့်ဖြစ်အောင် လုပ်နေကြတယ်လို့ပဲမြင်လို့ မတတ်သာဘဲ ပြောတာပါ။

ပြည်ပမှာနေပြီး စစ်အစိုးရကို ဖွင့်ချတာနဲ့ **NLD** ကို ကာကွယ်တာ၊ အားပေးတာ လုပ်တဲ့အလုပ်ဟူသမျှ ကောင်းပါတယ်။ အားပေးပါတယ်။ အချင်းချင်း အပေးအယူရှိကြတယ်၊ ညီညီညွတ်ညွတ်ရှိကြတယ်လို့ကြားရင် အားတက်ပါတယ်။ အခုတော့ အဲဒီလို မဟုတ်ပါဘူး။ အချိန်မီ ပြုပြင်ကြဖို့ ကောင်းပါတယ်။ ပြည်တွင်းမှာ **NLD** အကျပ်တွေ့ နေပါတယ်။ ကျွန်တော်တို့ရဲ့ ၈၈ မျိုးဆက်ခေါင်းဆောင်များ ထောင်နှစ်ရှည် ကျနေပါတယ်။ အဖမ်းအဆီးတွေလည်း သိပ်များပါတယ်။ လူထုကလည်း ထွက်ရပ်လမ်း ပျောက်သလို ဖြစ်နေပါတယ်။ အဲဒီလိုအချိန်မှာ ဗမာပြည်နိုင်ငံရေးကို လွတ်လွတ်လပ်လပ် လုပ်နိုင်သူတွေက အချင်းချင်းရန်ပွဲဖြစ်ပြီး အချိန်မဖြုန်းသင့်ပါဘူး။ အမြော်အမြင် ကြီးမားစေချင်ပါတယ်။ လက်နက်ကိုင်တိုက်ပွဲကာလက တောခိုသူအချင်းချင်း ရန်ပွဲဖြစ်နေသလို အခုလည်း ပြည်ပရောက်အချင်းချင်း ရန်ပွဲ မဖြစ်သင့်ပါဘူး။

အခုခေတ်က ပြည်တွင်းမှာ လှုပ်ရှားတက်ကြွသူ (A) က နည်းနေပြီး ပြည်ပရောက် (A) တွေ များနေတဲ့ခေတ်ပါ။ ဒါကြောင့် ကျွန်တော်တို့ရဲ့ခေတ်ပြိုင် တိုက်ဖော်တိုက်ဖက်များကို တောင်းပန်တာပါ။ (၂၀၁၀) ကျော်ရင် ဗမာပြည်ရဲ့နိုင်ငံရေး အခင်းအကျင်းဟာ တဆစ်ချိုးပြောင်းလဲတော့မှာပါ။ စစ်အာဏာရှင်စနစ်က "၂၀၀၈ အခြေခံဥပဒေ" နဲ့ အထိုင်ကျ သွားပါလိမ့်မယ်။ အချိန်သိပ်မရှိတော့ပါ။

လွတ်လပ်ရေးတိုက်ပွဲခေတ်တုန်းက ကျွန်တော်တို့ စွန့်လွှတ်စွန့်စား လုပ်ခဲ့ရတာဟာ သိပ်မကြာပါဘူး။ လွန်ရော ကျွန်ရော (၅) နှစ် (၆) နှစ်ပါ။ အခု ဒီမိုကရေစီတော်လှန်ရေးကာလမှာတော့ စွန့်လွှတ်စွန့်စား လုပ်ခဲ့ရတဲ့နှစ်တွေ ဆယ်စုနဲ့ချီပြီး ကြာခဲ့ပါပြီ။ ရှေ့မှာလည်း ဆက်ပြီးစွန့်လွှတ်စွန့်စားကြရဦးမှာဖြစ်လို့ အခုလို တင်ပြတာပါ။ ဗကပ အနေနဲ့တော့ "အတိတ်ကို အတိတ်မှာပဲထားခဲ့ (ချင်) တယ်" ဆိုတဲ့ သဘောထားနဲ့ ဆိုရှယ်လစ်ပါတီနဲ့၊ ဖဆပလ နဲ့၊ အိမ်စောင့်အစိုးရနဲ့၊ ကုန်ကုန် ပြောရရင် ဗိုလ်ခင်ညွန့်တို့နဲ့ပါ ရန်စကားပြောတာကို ရှောင်ပါတယ်။ မိမိတဖက်သတ်ပဲ ရှောင်နေတာပါ။ ပါတီဝင်

အားလုံးကိုလည်း ရှောင်ကြဖို့ ညွှန်ကြားထားပါတယ်။ ဗကပ ကို ဆဲရေးပုတ်ခတ်တဲ့စာတွေ ကျွန်တော်တို့ မဖတ်ရတာ မဟုတ်ပါဘူး။ ဖတ်ရပါတယ်။ မတုံ့ပြန်ဘဲ တမင်နေတာပါ။

## အချက် (၃) ကို ရှင်းလင်းချက်။

တက်ကြွလှုပ်ရှားသူ (A) တွေကို စုဆောင်းထားပြီး အခါအခွင့်ကောင်းပေါ်တဲ့အခါ ထုတ်သုံးနိုင်ရပါမယ်။ (၁၉၈၈) မတိုင်မီကဆိုရင် မြို့ပေါ်မှာ မြေအောက် U/G အဖြစ်၊ တောထဲမှာ ပြည်သူ့လက်နက်ကိုင်အဖြစ် စုစည်းထားနိုင်ခဲ့ပါတယ်။ (A) တွေ ဆိုတာကလည်း အများအားဖြင့် ကျောင်းသားတွေပါ။ ပညာတတ်တွေပါ။ အလုပ်သမား လယ်သမားတွေပါ။ အလွှာစုံပါတယ်။ ဇာတိဒေသစုံပါတယ်။ ဒါကြောင့်ပဲ အခါအခွင့်ကောင်း ပေါ်လာရင် လိုအပ်တဲ့ဒေသ၊ ကျောင်း၊ အလုပ်ရုံစက်ရုံသို့ တိုက်ရိုက်လွှတ်ပြီး တိုက်ပွဲမှာ ပါဝင်စေနိုင်ပါတယ်။

၁၉၈၈ မတိုင်မီကလည်း လှုပ်ရှားတက်ကြွသူတွေ အဖမ်းခံရပါတယ်။ ဒါပေမဲ့ ထောင်ချလည်း (၇) နှစ် (၉) နှစ် အများဆုံးပါ။ နှစ်စေ့အောင်လည်း နေရလေ့ မရှိပါဘူး။ အကြောင်းတခုခုနဲ့ လွှတ်ငြိမ်းခွင့် ပေးတတ်ပါတယ်။ ထောင်က လွှတ်လာတော့ အစမ်းသပ်ခံပြီးတဲ့၊ ကြံ့ခိုင်တဲ့ ကေဒါကောင်း ဖြစ်သွားလေ့ ရှိပါတယ်။

(၁၉၈၈) ကနေ အခုထိ ကာလမှာတော့ ထောင်ချခံရတဲ့ (A) တွေက နှစ် (၂၀) အခု နှစ် (၆၀) ကျော် ဖြစ်နေပါပြီ။ သူတို့က လူထုလှုပ်ရှားမှုထဲ ပါမလာနိုင်တော့ပါဘူး။ လူထုလှုပ်ရှားမှုနဲ့ ဝေးရာဆီသို့ အပို့ခံရပါတယ်။

(၁၉၈၈) မတိုင်မီက ဖဆပလ နဲ့ မဆလ အာဏာပိုင်သားသမီးတွေလောက်ပဲ ပြည်ပလွှတ်ပါတယ်။ သူတို့ကလည်း တက်ကြွလှုပ်ရှားသူတွေ မဟုတ်ကြပါဘူး။ အခုတော့ အများကြီး ပြည်ပရောက်နေပါတယ်။ ပြည်ပရောက်ပြီးရင် လူထုလှုပ်ရှားမှုထဲ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခွင့် မရကြတော့ပါဘူး။ အဝေးက ထောက်ခံတာ၊ အားပေးကြတာပဲ လုပ်နိုင်ပါတော့တယ်။

(၁၉၈၈) မတိုင်မီက တောခိုစရာနေရာ များပါတယ်။ မြို့ပြင်ထွက်လိုက်ရုံပါပဲ။ အခုတော့ တောခိုစရာ မရှိပါဘူး။ ပြည်ပထွက်ရတာပါ။

အကြီးဆုံးအခက်အခဲက (A) တွေကို ပြည်တွင်းမှာ စုစုစည်းစည်း မထားနိုင်ခဲ့တာနဲ့ စနစ်တကျစီမံခန့်ခွဲ မထားနိုင်တာပါပဲ။

ကျွန်တော်တို့ပါတီကတော့ တာဝန်အရ ပြည်ပထွက်ခိုင်းတဲ့ ပါတီဝင်ကလွဲပြီး ကျန်တဲ့ပါတီဝင် အများစုကြီးကို U/G ပဲ လုပ်ခိုင်းထားပါတယ်။ ဘာမှမလုပ်နိုင်ရင်လည်း မလုပ်ဘဲနေပါ။ ပြည်ပ မထွက်ပါနဲ့လို့ ညွှန်ကြားပါတယ်။ ပြည်တွင်းမှာ ရှိနေရင် အခါအခွင့်ကောင်းပေါ်တာနဲ့ ထုတ်ပြီးသုံးနိုင်အောင် ဖြစ်ပါတယ်။

နှစ် '၂၀' အတွင်းမှာ ဗကပ က (၁၉၈၈) ခုနှစ် တနှစ်ထဲမှာပဲ ချမှတ်ထားတဲ့ သေနင်္ဗျူဟာနဲ့ နည်းပရိယာယ်ကို လုပ်ဆောင်ခွင့်ရခဲ့တာပါ။ (၁၉၈၉) မှာ ဗကပ ရဲ့ လက်နက်ကိုင်တိုက်ပွဲ A/S ကျဆုံးပါတယ်။ စီမံကိန်းအားလုံး ပျက်ပါတယ်။ ၂၀ ရာစုနှစ် ကုန်သည်အထိ ကိုယ့်ကိစ္စနဲ့ကိုယ်ပဲ လုံးပန်းနေရပါတယ်။ ၂၁ ရာစုဝင်မှပဲ ပြန်လည်လှုပ်ရှားနိုင်ပါတယ်။ 'ဒီမို ၂၀၀၆ ကြံ့ဆချက်' တင်ပြတဲ့အခါမှာတော့ 'လက်တွေ့နိုင်ငံရေး' ထဲမှာ စတင်ဝင်ရောက်ခဲ့ပါတယ်။

'လက်တွေ့နိုင်ငံရေး' ထဲ ဝင်တော့မှပဲ နိုင်ငံရေးလက်တွေ့တွေကို ကျွန်တော်တို့စတင်ရရှိပါတယ်။ ရရှိလိုက်တဲ့ နိုင်ငံရေးလက်တွေ့ကို တင်ပြပါမယ်။

'ဗကပ' နဲ့ ပြောင်လက်တွဲဖို့ မဝံ့မရဲ ဖြစ်နေကြတယ်။ အကြောင်းအမျိုးမျိုး ရှိတယ်။ အကြောင်းတခုက ဗကပ ကို ခြေကုန်လက်ပန်းကျနေတဲ့ ပါတီလို့ ယူဆလို့ဖြစ်တယ်။ ဒါနဲ့ပတ်သက်လို့ကတော့ မှတ်ချက်ပေးစရာ မရှိပါဘူး။ နောက်အကြောင်းတခုက ကွန်မြူနစ်နဲ့ ယှက်နွယ်ပတ်သက်နေရင် ကိုယ့်အတွက် အကျိုးမဲ့တယ်လို့ ယူဆတာဖြစ်တယ်။ အလှူရှင် (Donor) ရှာမရဘဲ ဖြစ်မယ်။ တတိယနိုင်ငံ မထွက်နိုင်ဘဲ ဖြစ်မယ်။ အဆိုပြုစီမံချက် (proposal) တင်ဖို့ ခက်မယ်။ ဆွဲဆောင်စည်းရုံးရေး (lobby) လုပ်တဲ့အထဲမှာ ကွန်မြူနစ်တွေ ရောထွေးပါနေလို့ မဖြစ်ဘူး စတဲ့စတဲ့ အကြောင်းတွေ ဖြစ်တယ်။ ကျွန်တော်တို့က နားလည်ခွင့်လွှတ်နိုင်တဲ့ အကြောင်းတွေ ဖြစ်ပါတယ်။

'ဗကပ' ကို နိုင်ငံရေးအဆင့်နေရာ မပေးလိုသူတွေ ရှိနေတယ်။ ပြည်တွင်းမှာရော၊ ပြည်ပမှာပါ ရှိတယ်။ အာဏာရထဲမှာရော၊ အာဏာမဲ့ထဲမှာပါ ရှိတယ်။ တချို့က အစုအဖွဲ့နဲ့ ရှိတယ်။ တချို့က တဦးချင်း အာဃာတထားသူတွေ ဖြစ်တယ်။ သူတို့နဲ့ ပတ်သက်လို့ကတော့ နိုင်ငံရေးအဆင့်နေရာဆိုတာ သူများပေးမှ ရတာမဟုတ်။ ကိုယ့်ဘာသာ လုပ်ယူရတာဖြစ်တယ်

ဆိုတာကို ဗကပ ယုံကြည်ပါတယ်။ ဒါကြောင့်လည်း ပါတီထဲမှာ မူတခုချထားတယ်။ လုပ်နိုင်တာကိုပဲ ပြော၊ ပြောပြီးရင် ဖွဲနဲ့လုပ်ဆိုတဲ့မူ ဖြစ်တယ်။

ဒီမိုကရေစီတော်လှန်ရေးအတွင်းမှာ နည်းပရိယာယ်လမ်းစဉ် (၂) ရပ် တိုက်ပွဲရှိနေတယ်။ လမ်းစဉ် (၂) ရပ်တိုက်ပွဲဟာ "ဒီပဲယင်းအရေးအခင်း" ပြီးကတည်းက ပိုပြီးထင်ရှားလာတယ်။ အရှုံးပေးရေးလမ်းစဉ်နဲ့ ပြတ်သားတဲ့တိုက်ပွဲလမ်းစဉ်တို့ဟာ ထင်ထင်ရှားရှား ကွဲထွက်လာတယ်။ အံ့ဩစရာကောင်းတာက စစ်အာဏာရှင်ရဲ့အာဏာစက်အောက်မှာ နေရသူတွေက ပြတ်သားတဲ့လမ်းစဉ်ဘက်က ရပ်ခံသူများနေပြီး အာဏာစက်အောက်က မဟုတ်ဘဲ ပြည်ပရောက်တွေထဲမှာ အရှုံးပေးရေး လမ်းစဉ်က အသံကျယ်နေတာပဲ။ '၂၀၀၈ အခြေခံဥပဒေ' နဲ့ '၂၀၁၀ ရွေးကောက်ပွဲ' အပေါ် ဘယ်လို သဘောထားကြမလဲ ဆိုတာမှာ ပြတ်ပြတ်သားသား လမ်းကွဲနေကြတာပဲ။ ဗကပ က အရှုံးပေးရေးလမ်းစဉ်ကို ပြတ်ပြတ်သားသား ဆန့်ကျင်မှာပါ။ မှန်ကန်တဲ့လမ်းစဉ် ချမှတ်ပြီးရင် မှန်ကန်တဲ့ စည်းရုံးရေးလမ်းစဉ် ရှိရမှာ ဖြစ်ပါတယ်။

အခု အရေးတကြီးလိုနေတာက ကေဒါစည်းရုံးရေး ဖြစ်ပါတယ်။ လူထုနဲ့အတူ တိုက်ပွဲဝင်မယ့်ကေဒါ၊ အတွေးအခေါ် ကြည်လင်တဲ့ကေဒါ၊ အပျော်တမ်းမဆန်တဲ့ကေဒါ စည်းရုံးရေးနဲ့စုဆောင်းရေးဟာ သော့ချက်ဖြစ်ပါတယ်။

## ဘာလုပ်ကြမလဲ။

ရှေ့မှာ ဘာလုပ်ကြမလဲ ဆိုတာကို စဉ်းစားရင် နောက်က ဘာဖြစ်ခဲ့သလဲ ဆိုတာက အစချီစဉ်းစားရမှာပဲ။ ပြန်လည် ခြုံငုံသုံးသပ်တယ်လို့ ခေါ်ခေါ်၊ နိဂုံးချုပ်လုပ်တယ်လို့ပဲပြောပြော၊ နှစ် ၂၀ ခရီးမှာ ဘာဖြစ်ခဲ့သလဲ၊ ဘာတွေလိုခဲ့သလဲ ဆိုတာကို ပြန်လှန်သုံးသပ် သင်ခန်းစာထုတ်ရမှာပါ။ ဒီကိစ္စကို ရှေ့မှာအတော်လေး ပြောပြီးပါပြီ။

ကျွန်တော်တို့ လုပ်နိုင်တာက နိုင်ငံရေးလက်ဦးမှု ပြန်ယူဖို့ပါ။

## နိုင်ငံရေးလက်ဦးမှု ဘယ်လိုယူမလဲ။

အာဏာပိုင်တွေ ဖြစ်စေချင်တာကို မဖြစ်အောင်လုပ်တာဟာ လက်ဦးမှုယူနည်းတခုပါ။ ဂမ်ဘာရီနဲ့တွေ့တော့ နအဖ ပြောရေးဆိုခွင့်ရှိသူက RM (လမ်းပြမြေပုံ) အဆင့် (၄) မှာ သူတို့ကို ပြည်သူလူထုက လုပ်ပိုင်ခွင့်အာဏာ (mandate) ပေးလိုက်ပြီးပြီ ဆိုတာကို အကြိမ်ကြိမ်ပြောတယ်။ အဓိပ္ပာယ်က ၁၉၉၀ (mandate) ပျက်ပြယ်သွားပြီလို့ ပြောတာပဲ။ ကျွန်တော်တို့က လက်ဦးမှုယူချင်ရင် ၁၉၉၀ (mandate) အပေါ် ကြံ့ကြံ့ခိုင်ခိုင်ရပ်တည်ကြရမှာ ဖြစ်တယ်။ NLD ကို ကာကွယ်ရမှာ ဖြစ်တယ်။

NLD အခြေအနေ ဘယ်လိုဖြစ်နေသလဲဆိုတာကို ဦးဝင်းတင်က ပွင့်ပွင့်လင်းလင်း ပြောထားပြီးပြီ။ နအဖ ကလည်း NLD ကို ပျော့ညံ့လာအောင် ကျိုးသွင်းနေတယ်။ NLD ထဲက ပဲ့ထွက်လာတဲ့ ပျော့ညံ့သူတွေကို နိုင်ငံရေးစင်ထိုးပေးနေတယ်။ ပြည်ပမီဒီယာတချို့ကလည်း ကူညီပြီး 'အတွေးအခေါ်စင်ထိုး' ပေးတာကို ကြားနေရတယ်။ ဒီအပြင် ဗကပ သစ္စာဖောက်၊ NLD သစ္စာဖောက်တွေကလည်း ပြည်တွင်းမီဒီယာမှာ NLD ကို ပြောင်ပြောင်တင်းတင်းထိုးနှက်ပြီး အညှိုခံရေးလမ်းမှား လိုက်အောင် သွေးဆောင်နေကြတယ်။

ဒီအခြေအနေမှာ မိမိတို့လုပ်ရမှာက <u>အတွေးအခေါ်လက်ဦးမှုယူဖို့ပဲ။ အတွေးအခေါ်လက်ဦးမှု ဘယ်လိုယူမလဲ။</u> ကျွန်တော်တို့အမြင်ကတော့ –

(၁) နိုင်ငံရေးအတွေးအခေါ်ပညာပေးစာတမ်းတွေကို (လျှို့ဝှက်ပြီး) ရေးဖို့နဲ့ ဖြန့်ချိဖို့ ဖြစ်တယ်။ ဒီအတွေ့အကြုံကို စစ်နဲ့တော်လှန်ရေးကာလက မိမိတို့မျိုးဆက်ဟောင်းများ လုပ်ခဲ့ပြီး ဖြစ်တယ်။ အသစ်တီထွင်နေစရာ မလိုပါဘူး။ အခု IT ခေတ်မှာ ပိုပြီးတောင် ကျယ်ကျယ်ပြန့်ပြန့် လူထုထဲ ရောက်အောင် ဖြန့်ချိနိုင်ပါသေးတယ်။

(၂) ပြည်ပရောက် တက်ကြွသူတွေက အဲဒီစာတမ်းတွေကို အသံလွှင့်မီဒီယာစင်မြင့်ပေါ်ရောက်အောင် ကူညီနိုင်တယ်။ စာအုပ်စာတမ်း အမြန်ထုတ်ဝေပြီး ပြည်တွင်းတင်သွင်း ဖြန့်ချိနိုင်တယ်။

အတွေးအခေါ်လက်ဦးမှုကို စည်းရုံးရေးလက်ဦးမှုအဖြစ် တိုးချဲ့နိုင်ရမယ်။ လျှို့ဝှက်စာတမ်းတွေကို လေ့လာတဲ့ လျှို့ဝှက်အစုတွေဖွဲ့၊ လျှို့ဝှက်ကလာပ်စည်းတွေဖွဲ့၊ လျှို့ဝှက်သင်တန်းတွေ ဖွင့်ကြဖို့ ဖြစ်တယ်။ (တရားဥပဒေစိုးမိုးမှုမရှိတဲ့ ကာလမှာ ဥပဒေတွင်းလုပ်ရေးကိုချည်း စိတ်ကူးယဉ်နေလို့ မဖြစ်တော့ပါဘူး။)

ကေဒါမွေးမြူ၊ ရေရှည်မြှုပ်နှံ၊ အခါအခွင့်ကောင်းစောင့်။ ဒီအလုပ်ဟာ တပွဲထိုးအလုပ် မဟုတ်ဘူး။ ဘယ်လိုမြှုပ်နှံမလဲဆိုတာကို စဉ်းစားရပါမယ်။ ဒီအလုပ်မှာလည်း စစ်နဲ့တော်လှန်ရေးမျိုးဆက်ဟောင်းတွေဆီက အတွေ့အကြုံယူရပါမယ်။ ခေတ်နဲ့အညီ တိုးချဲ့ကြရပါမယ်။ ပြည်တွင်းမှာ လုပ်မရဘူး၊ ဒါကြောင့် ပြည်ပထွက်ရတယ်ဆိုတဲ့ လုပ်ရပ်ကို ရပ်သင့်ပါပြီ။ ပြည်တွင်းမှာ လုပ်စရာတွေ မရှိတာ မဟုတ်ဘူး။ တပ်မတော်ထဲမှာ မြှုပ်နှံတာ၊ ကြံ့/ဖွံ့ ထဲမှာ မြှုပ်နှံတာနဲ့ အဆင့်ဆင့်အာဏာပိုင်အဖွဲ့တွေထဲမှာ မြှုပ်နှံတာ လုပ်နိုင်ပါတယ်။ ရွေးကောက်ပွဲဝင်ကြမယ့် ပါတီတွေထဲမှာလည်း မြှုပ်နှံနိုင်တာပါပဲ။ ရှေ့ရှည်မြှုပ်နှံရမှာပါ။ ရေရှည်မှာကို မကြောက်သင့်ပါဘူး။ အခုပဲ ရေရှည်နေပါပြီ။ နှစ် '၂၀' ကျော်ပြီ မဟုတ်ပါလား။ ရေတိုစဉ်းစားနည်းဟာ မှားကြောင်း လက်တွေ့က ပြခဲ့ပါပြီ။ ၁၉၈၈ အံုကြွမှုက ပေါ်ထွက်လာတဲ့ တက်ကြွလှုပ်ရှားသူ ကျောင်းသားတချို့နဲ့ ဗကပ ဆွေးနွေးတော့ "ဒီမိုကရေစီလက်နက်ကိုင်တိုက်ပွဲ အောင်မြင်ပြီးရင် နိုင်ငံရေးလုပ်မှာ မဟုတ်ဘူး။ ကျောင်းပြန်တက်မယ်" လို့ ပြောကြပါတယ်။ ဗကပ ရဲ့ ရေရှည်ဆိုတဲ့စကားကို သူတို့အတော်မနှစ်မြို့တာကို တွေ့ရပါတယ်။ ဒါပေမဲ့ သူတို့ဆန္ဒ ဖြစ်မလာပါဘူး။ ရေရှည်နေပါတယ်။

ဗမာပြည်ဒီမိုကရေစီတော်လှန်ရေးမှာ ရေတိုစဉ်းစားနည်းနဲ့လုပ်လို့ မဖြစ်ပါဘူး။ မြို့ပေါ်မှာလည်း ရေတိုစဉ်းစားနည်းနဲ့ပဲ လုပ်ခဲ့ကြလို့ အာဏာရှိသူရဲ့ လှည့်ဖြားမှု၊ ချောက်တွန်းမှုတွေ တွေ့ရတာ ဖြစ်ပါတယ်။ ဗိုလ်စောမောင်၊ ဗိုလ်ခင်ညွန့်တို့ရဲ့ တနပ်စားအကြံအစီနဲ့ ရေတိုသမားတို့ ထိပ်တိုက်တွေ့ကြတော့ ရေတိုအမြင်သမားတွေ နဖူးကွဲဒူးပြဲ ဖြစ်ကုန်တာပါပဲ။ အဲဒီလို ဖြစ်နေတုန်းက ဗကပ က (သူများကိစ္စဖြစ်လို့) စောင်းပါးရိပ်ခြည်ပဲ ပြောခဲ့ထုတ်ပြန်ခဲ့ပါတယ်။ နအဖ စစ်အုပ်စုဟာ စိတ်ဓာတ်စစ်ဆင်ရေးသင်တန်းဆင်းတွေ ဖြစ်တယ်ဆိုတာကို မမေ့ကြဖို့ပါ။ RM ကို ဗိုလ်ခင်ညွန့်ပဲ စတင်ပွဲထုတ်ခဲ့တာကို မမေ့သင့်ပါ။ ဗိုလ်သန်းရွှေက 'နံပါတ်ဝမ်း' (ရာသက်ပန်နံပါတ်ဝမ်း) ပါ။ နောက်ကပဲ ကြိုးကိုင်နေမှာပါ။

## PP ပြည်သူ့စွမ်းအားလှုပ်ရှားမှု စည်းရုံးတာ အချိန်ယူရမယ်။

ဗကပ က PP စည်းရုံးရေးလုပ်ဖို့ပြောတော့ လက်တွေ့မကျဘူး၊ လူထုက ခြေကုန်လက်ပန်းကျနေပြီလို့ပြောသံ ကြားရပါတယ်။ ခြေကုန်လက်ပန်းကျတာဟာ လူထု မဟုတ်ပါ။ နိုင်ငံရေးသမားတွေပဲ ဖြစ်နိုင်ပါတယ်။ ပါတော်မူခေတ် လူထုက ခြေကုန်လက်ပန်းကျတော့ ဝံသာနုခေတ်လူထုက အားကောင်းမောင်းသန် ဖြစ်ခဲ့တယ်။ ဝံသာနုခေတ် ခြေကုန်တော့ ၁၃၀၀ ပြည့်က အားကောင်းမောင်းသန် ဖြစ်ခဲ့တယ်။ သူတို့ခြေကုန်တော့ နောက်တခေတ်လူထုက အားကောင်းမောင်းသန် ဖြစ်နေပြန်တာပဲ။ ၁၉၈၈ လူထု ခြေကုန်ရင် ၂၁ ရာစုလူထု အားကောင်းမောင်းသန် ဖြစ်မှာပါ။

သမိုင်းဆိုတာ အဟောင်းကို အသစ်နဲ့ အစားထိုးစမြဲ။ ဒါကြောင့် အခါအခွင့်ကောင်းစောင့်ဖို့ ဗကပ က တင်ပြတာပါ။

## အခါအခွင့်ကောင်း ဘယ်တော့ပေါ်မလဲ။

စိတ်ဆန္ဒနဲ့ မဆိုင်ပါ။ မဆလ ခေတ်ပဲ ကြည့်ပါ။ ဆန္ဒအရပြောရင် ၁၉၆၂ ဇူလိုင်စိတ်ဓာတ်ဟာ နှစ်ပတ်လည်နေ့တိုင်းမှာ ပြန်ပေါ်လာမယ်လို့ ဗကပ က ထင်ခဲ့တာပဲ။ ဒါပေမဲ့ မဆလ က 'အခြေခံဥပဒေ' နဲ့ အထိုင်ကျသွားတဲ့ ၁၉၇၄ ကျမှ "၆၂ ဇူလိုင်စိတ်ဓာတ်" ပြန်လည်နိုးထလာတာပဲ။ ၇၄၊ ၇၅၊ ၇၆ မှာ ပြန်လည်နိုးထလာပေမယ့် အောင်ပွဲမရဘူး။ ၁၉၈၈ ကျမှပဲ အောင်ပွဲရတာပါ။ (၁၉၆၂) ကနေ (၁၉၈၈) အထိ (၂၆) နှစ် စောင့်ခဲ့ရတာပါ။ အခုလည်း အခါအခွင့်ကောင်းစောင့်ဖို့ စိတ်ရှည်ရပါမယ်။ ထိုင်စောင့်ဖို့ မဟုတ်ပါ။ တက်ကြွစွာ စောင့်ဖို့ပါ။ ပြင်ဆင်သင့်တာတွေ ပြင်ဆင်ရင်း စောင့်ရမှာပါ။

## ဘာတွေပြင်ဆင်မလဲ။

လူထုကို ပြင်ရမယ်။ (PP) စည်းရုံးရေး လုပ်ရမယ်။ ဒါကို အကျယ်ပြောပြီးသားပါ။ အခုစပြီး လုပ်ရမှာက နိုင်ငံတော်စစ်တပ်ကို ထိုးဖောက်စည်းရုံးရေးနဲ့ ပြင်ဆင်ရပါမယ်။ နေဝင်း အရှိုက်ထိသွားတာဟာ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့

ပေါ်တာပါ။ စပေါ်တုန်းက (၁၅) ယောက် နောက် (၈၅) ယောက် ပါလာတယ်။ အားလုံးက စစ်တပ်ထဲမှာ ဩဇာရှိတဲ့ အငြိမ်းစားစစ်ဗိုလ်ကြီးတွေချည်း ဖြစ်ပါတယ်။

အခုလုပ်ရမှာက တာဝန်ထမ်းဆောင်ဆဲ မျိုးချစ်ပြည်ချစ်ရဲဘော်များ ပေါ်လာဖို့ ဖြစ်တယ်။ ကမ္ဘာ့အခြေအနေ၊ ဗမာ့အခြေအနေအရ ပေါ်လာနိုင်တယ်လို့ တွက်ပါတယ်။ လမ်းမပေါ် လူထုရောက်နေမှ အဲဒီလူထုကို နှိမ်နင်းဖို့ ထွက်လာတဲ့ စစ်တပ်ကို စည်းရုံးဖို့ဆိုရင် နောက်ကျသွားပါပြီ။ မလွယ်တော့ပါဘူး။ ဒါကြောင့် အခုလို အေးဆေးနေတဲ့ အခြေအနေကစပြီး စည်းရုံးဖို့ လိုပါတယ်။ အချိန်ယူရပါမယ်။ စစ်ကျောင်းတွေထဲမှာ၊ စစ်တပ်တွေထဲမှာ ကေဒါမြုပ်နှံရပါမယ်။ တပ်မတော်ကို စစ်အုပ်စု တလက်ကိုင်ဘဝက လွတ်မြောက်အောင် လုပ်နိုင်မှ အောင်ပွဲရမှာပါ။

ကျောင်းတွေမှာ ဗကသ (အမြုတေ) တွေ လျှို့ဝှက်ဖွဲ့ရမယ်။ ဖြောင်လုပ်လို့ မရပါဘူး။ အလုပ်ရုံ၊ စက်ရုံတွေမှာလည်း အလုပ်သမားသမဂ္ဂ (အမြုတေ) လျှို့ဝှက်ဖွဲ့ရမယ်။ စည်းရုံးရေးသဏ္ဍာန်အားလုံးဟာ U/G ဖြစ်တယ်။ (အမြုတေ) က စပြီး ဖွဲ့ရမှာပါ။

ရဲဘော်တို့ –

လူထုအုံကြွမှုတွေက အချိန်မရွေး ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ပြည်လုံးကျွတ်အထွေထွေအုံကြွမှုကြီး ဖြစ်အောင်တော့ စောင့်ရလိမ့်မယ်။ ပြင်ဆင်တာ မပြည့်စုံသေးရင် ပြည်လုံးကျွတ် အထွေထွေအုံကြွမှုကြီး မဖြစ်နိုင်ဘူး။

လူထုအုံကြွမှုထဲက ပေါ်ထွက်လာတဲ့ တက်ကြွတဲ့ အင်အားစုတွေကို (ပြည်တွင်းမှာ) စုဆောင်းထားဖို့လည်း လိုတယ်။ ပြည်တွင်းမှာ ရေရှည်မြုပ်နှံထားနိုင်မှ အရေးကြုံရင် ထုတ်သုံးနိုင်မှာ ဖြစ်တယ်။

ဒီတခါ အစီရင်ခံရတာဟာ သိပ်ပြီးအကန့်အသတ်ရှိတယ်။ U/G ကိစ္စကို လူသိရှင်ကြားပြောလို့ မဖြစ်ဘူး။ ဒါပေမဲ့ မပြောဘဲနေလို့လည်း မဖြစ်လို့ ပြောနိုင်တာကို ပြောလိုက်ပါတယ်။ တိုးချဲ့စဉ်းစားဖို့ပါ။

'၂၀၀၈ အခြေခံဥပဒေ' ကို (ကိုယ့်အကြောင်းနဲ့ကိုယ်) လက်မခံနိုင်တဲ့ အင်အားစုတွေ များပါတယ်။ သူတို့ကိုလည်း သင့်တော်စွာ စည်းရုံးရမှာပါ။

"၂၀၁၀" မှာ ဗမာပြည်ရဲ့ နိုင်ငံရေးအခင်းအကျင်းဟာ အသစ်ဖြစ်လာမှာ သေချာတယ်။ "ကမ္ဘာ့စီးပွားပျက်ကပ်" နဲ့လည်း တိုက်ဆိုင်နေတယ်။ မမျှော်လင့်တာတွေ အများကြီး ဖြစ်နိုင်တယ်။ ဒါကြောင့် ဗဟိုနဲ့ အဆက်အသွယ်မပြတ်ပါစေနဲ့။

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်။
၂၀၀၉ ခုနှစ်၊ မတ်လ ၁ရက်။